# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

March 8 , 2022 | Volume 52, Number 5


**၈.၃.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၉၁ US$ |
| မြန်မာ့ရွှေဈေး | = ၁၉၉၃၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၀၁၀ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၃၁.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၀၃.၈ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၄၀.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၁၇.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၁.၃၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၁၁၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၄.၈၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၅.၆၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၉၁၁ ကျပ် |

Source: CBM Rate, etrademyanmar.com

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စားအုန်းဆီတစ်ပိဿာ အမြင့်ဆုံး ၆၅၇၅ ကျပ် သတ်မှတ်ထားသော်လည်း ဈေးကွက်အတွင်း ကျပ် ၈၀၀၀ နီးပါးပေါက်ဈေးရှိ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ စားသုံးဆီ တင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်မှုကော်မတီက စားအုန်းဆီ (ရန်ကုန် အထိုင်ဈေး) တစ်ပိဿာကို အနိမ့်ဆုံး ၅၉၄၀ ကျပ်မှ အမြင့်ဆုံး ၆၅၇၅ ကျပ်ဖြစ်ကြောင်း သတ်မှတ် ထားပေမယ့် ဈေးကွက်အတွင်း တစ်ပိဿာပေါက်ဈေး ကျပ် ၈၀၀၀ နီးပါးအထိ ရောက်ရှိနေပါတယ်။

နိုင်ငံတကာမှာ ဖြစ်ပေါ်နေတဲ့ လက်ရှိအခြေအနေများအရ ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့တဲ့နိုင်ငံတွေမှာ စားအုန်းဆီဈေးနှုန်းတွေ မြင့်တက်လျက်ရှိပြီး စီးပွားရေး နှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ သတ်မှတ်ဈေးက တစ်ပတ်အတွင်း ဖြစ်ပေါ်ခဲ့ တဲ့ FOB ဈေးနှုန်းတွေအပေါ် အခြေခံကာတွက်ချက်ထားခြင်းလည်းဖြစ်ပါတယ်။
“လက်ရှိ (ညောင်ပင်လေးဈေး) မှာ ဝယ်နေရတဲ့ စားအုန်းဆီတစ်ပိဿာပေါက်ဈေးက ၇၈၀၀ ။ ဒီကြားထဲမှာ ၈၀၀၀ အထိ ဖြစ်သွားသေးတယ်။ အခုနည်းနည်းပြန်ကျ သွားတာ”လို့ (လက်လီ)စားအုန်းဆီ ရောင်းချသူ တစ်ဦးက BETV Business ကို ပြောပါတယ်။

စားသုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်မှုကော်မတီအနေနဲ့ စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနဲ့အညီ ပြည်တွင်းမှာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ ဈေးနှုန်းတွေ ဖြစ်ပေါ်လာစေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိတယ်လို့ ဆိုပါ တယ်။

စားအုန်းဆီအဓိကတင်ပို့တဲ့ မလေးရှားနဲ့အင်ဒိုနီးရှားနိုင်ငံမှာဖြစ်ပေါ်နေတဲ့ FOB ဈေးနှုန်းတွေကို နေ့စဉ်စောင့်ကြည့်ပြီး သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ် များ၊ အခွန်အခများကို ထည့်သွင်းတွက်ချက်ပြီး လက်ရှိသတ်မှတ်ထားတဲ့ တစ်ပိဿာ (အမြင့်ဆုံး) ၆၅၇၅ ကျပ်ဈေးက မတ်လ ၇ ရက်မှ ၁၃ ရက်အထိ ရန်ကုန်အထိုင်အခြေခံ လက်ကားဈေးဖြစ်တယ်လို့ ကြေညာထားပါတယ်။

Source: BETV Business


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၃၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှတစ်ဆင့် ပြည်ပသို့ တစ်ပတ်အတွင်း ရော်ဘာတန်ချိန် ၈၀၀၀ ခန့်တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုထက် တန်ချိန် ၁၄၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့



https://news-eleven.com/article/227015

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ တတိယပတ်ကာလအတွင်း ပင်လယ် ရေကြောင်းနှင့် နယ်စပ်မှတစ်ဆင့် ပြည်ပသို့ ရော်ဘာတန်ချိန် ၈၀၀၀ ခန့် တင်ပို့ခဲ့ပြီး ယခင် တစ်ပတ် တင်ပို့မှုထက် တန်ချိန် ၁၄၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရသိရသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၈ ရက်အထိကာလအတွင်း ပင်လယ် ရေကြောင်းမှ တရုတ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၃၅၀၀ ကျော်၊ မလေးရှား နိုင်ငံသို့ ရော်ဘာတန်ချိန် ၃၀၀၀ ကျော်၊ အိန္ဒိယနိုင်ငံသို့ ရော်ဘာတန်ချိန် ၅၀၀ ကျော်နှင့် ကိုရီးယားနိုင်ငံသို့ ရော်ဘာတန်ချိန် ၁၀၀ ခန့် စုစုပေါင်းရော်ဘာတန်ချိန် ၇၀၀၀ ကျော်တင်ပို့မှုမှဒေါ်လာ ၁၁ ဒသမ ၂၆၇ သန်းကျော်ရရှိခဲ့သည်။ အဆိုပါကာလအတွင်း နယ်စပ်လမ်းကြောင်း မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ရော်ဘာတန်ချိန် ၃၀၀ ကျော်နှင့် မြဝတီကုန်သွယ်ရေးဇုန်မှ ရော်ဘာတန်ချိန် ၂၀၀ ကျော် စုစုပေါင်းတန်ချိန် ၅၄၄ တန်တင်ပို့မှုမှ ဒေါ်လာ ၂ ဒသမ ၄၈၅ သန်းခန့်ရရှိခဲ့သည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၈ ရက်အထိကာလအတွင်း ပင်လယ်ရေကြောင်းနှင့် နယ်စပ်မှရော်ဘာတန်ချိန် ၈၀၀၀ ခန့်၊ တန်ဖိုးဒေါ်လာ၁၃ ဒသမ ၇၅၂ သန်းရရှိခဲ့သဖြင့် ယခင်တစ်ပတ်တင်ပို့မှုနှင့်နှိုင်းယှဉ်ပါက ရော်ဘာတန်ချိန် ၁၄၀၀ ကျော် ပိုမိုခဲ့ ကြောင်းသိရသည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ ၂၁ ရက်ထိကာလအတွင်း ပင်လယ်ရေကြောင်းမှတစ်ဆင့် ပြည်ပသို့ ဒေါ်လာ ၁၂ ဒသမ ၇၄၈ သန်းတန်ဖိုးရှိ ရော်ဘာတန်ချိန် ၈၇၂၀ ကျော်တင်ပို့ခဲ့ရာ တရုတ်နိုင်ငံသို့ အများဆုံးဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရသိရသည်။

အဆိုပါကာလအတွင်း ရော်ဘာတင်ပို့မှုများအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရော်ဘာတန်ချိန် ၅၈၇၅ခန့်၊ မလေးရှား နိုင်ငံသို့ ရော်ဘာတန်ချိန် ၂၅၁၀ ကျော်၊ ထိုင်ဝမ်နိုင်ငံသို့ ရော်ဘာတန်ချိန် ၁၀၀ ကျော်၊ ကိုရီးယားနိုင်ငံသို့ ရော်ဘာတန်ချိန် ၁၀၀ ခန့်နှင့် အိန္ဒိယနိုင်ငံသို့ ရော်ဘာတန်ချိန် ၇၀ကျော်၊ သီရိလင်္ကာသို့ ရော်ဘာတန်ချိန် ၆၀ ကျော်တင်ပို့နိုင်ခဲ့ကြောင်း၊ မြဝတီ ကုန်သွယ်ရေးဇုန်မှ ရော်ဘာတန်ချိန် ၇၅၀ ကျော်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှလည်း ရော်ဘာတန်ချိန် ၁၄၀ ကျော် တင်ပို့ခဲ့ကြောင်း၊ စုစုပေါင်းရော်ဘာ တင်ပို့မှုတန်ချိန် ၉၆၁၀ ကျော်တင်ပို့နိုင်ခဲ့သဖြင့် ယခင်တစ်ပတ်တင်ပို့မှုနှင့် နှိုင်းယှဉ်လျှင် တန်ချိန် ၈၀၀ ခန့် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း ဖော်ပြထားသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာမှ စက်တင်ဘာလကုန်အထိ ပြည်ပသို့ရော်ဘာတင်ပို့မှုမှ ဒေါ်လာ ၄၄၉ သန်းကျော်ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ ရော်ဘာကို မြန်မာနိုင်ငံတောင်ပိုင်း ဒေသများအနက် မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့သည် ရော်ဘာအများဆုံးစိုက်ပျိုးသည့် ဒေသများဖြစ်သည်။ ကျန်တိုင်းဒေသ ကြီးများဖြစ်သည့် ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်းတို့တွင်လည်း စိုက်ပျိုးလျက်ရှိကြောင်း မြန်မာနိုင်ငံရော်ဘာစိုက်ပျိုး ထုတ်လုပ်သူများအသင်းမှ သိရသည်။ ပြည်တွင်း၌ တစ်နှစ်လျှင် ရော်ဘာတန်ချိန်စုစုပေါင်း နှစ်သိန်းဝန်းကျင်ထွက်ရှိပြီး ရာခိုင်နှုန်း ၉၀ ကျော်ကို ပြည်ပသို့တင်ပို့နေခြင်းဖြစ်သည်။ ကျန်ရှိသည့် ရှစ်ရာခိုင်နှုန်းခန့်ကိုသာ ပြည်တွင်း၌ အသုံးပြုလျက်ရှိကြောင်းသိရ သည်။

မြန်မာနိုင်ငံမှထွက်ရှိသည့် ရော်ဘာကို တရုတ်ကို အဓိကတင်ပို့နေခြင်းဖြစ်ပြီး မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ကိုရီးယား၊ ဂျပန်၊ ထိုင်ဝမ်၊ အိန္ဒိယစသည့်နိုင်ငံများသို့လည်း တင်ပို့လျက်ရှိကြောင်းသိရသည်။ မြန်မာ့သဘာဝရော်ဘာထုတ်ကုန်များ အရည်အသွေးပိုမိုကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာဌာနများ၊ သတင်းအဖွဲ့များ၊ စိုက်ပျိုးသူတောင်သူများ၊ ကုန်သည်များ၊ စက်ပိုင်ရှင်များစသည်ဖြင့် Supply Chain တစ်လျှောက် ပါဝင်ပတ်သက်သူအားလုံး ကဏ္ဍအလိုက်ပူးပေါင်းအဖြေရှာပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းသိရသည်။

https://news-eleven.com/article/227015

## မြန်မာ့ရွှေဈေးနှုန်း ကျပ်သိန်း ၂၀ နီးပါးသို့ရောက်ရှိလာပြီး ဈေးကွက်အတွင်း ပြန်လည်ရောင်းချခြင်းများရှိလာ

မြန်မာ့ရွှေဈေးနှုန်း ကျပ်သိန်း ၂၀ နီးပါးသို့ရောက်ရှိလာပြီး ဈေးကွက်အတွင်း ပြန်လည်ရောင်းချခြင်းများရှိလာကြောင်း ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောကြားသည်။

မတ် ၇ ရက် ညနေပိုင်းအပိတ်ဈေးအရ မြန်မာ့ရွှေဈေးမှာ တစ်ကျပ်သားလျှင် ကျပ် ၁၉၉၀၀၀၀ သို့ ရောက်ရှိလာခဲ့ပြီး ကျပ်သိန်း ၂၀ ပြည့်ရန် တစ်သောင်းသာလိုတော့သည့် အခြေအနေသို့ရောက်ရှိလာခြင်းဖြစ်သည်။ “ကမ္ဘာ့ရွှေဈေးနှုန်းက ကျကို မကျသေးတာ။ အမြင့်မှာပဲရှိနေတော့ မြန်မာရွှေကလည်း လုံးဝကိုမကျသေးဘူး” ဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောကြားသည်။

ကမ္ဘာ့ရွှေဈေးနှုန်းမှာ မတ် ၇ ရက်ဈေးအရ ရွှေတစ်အောင်စလျှင် ၁၉၉၅ ဒေါ်လာသို့ ရောက်ရှိလာကြောင်းသိရသည်။ ကမ္ဘာ့ဈေးနှုန်းမှာ ဖေဖော်ဝါရီလကုန်ပိုင်းမှ စတင်ကာ တစ်အောင်စလျှင် ၁၈၉၉ ဒေါ်လာသို့ စတင်ရောက်ရှိလာပြီး မတ်လမှစကာ တစ်အောင်စလျှင် ၁၉၀၆ ဒေါ်လာသို့ စတင်ရောက်ရှိခဲ့သည်။ ယင်းမှ တရိပ်ရိပ်မြင့်တက်လာခဲ့ခြင်းဖြစ်ပြီး ရုရှား-ယူကရိန်း အရေးကြောင့် ယင်းသို့မြင့်တက်လာခြင်းဖြစ်ကြောင်းသိရသည်။ ယင်းသို့ ဈေးနှုန်းများမြင့်တက်လာသဖြင့် မြန်မာ့ရွှေဈေးကွက် အတွင်း ပြန်လည်ရောင်းချခြင်းများရှိလာကြောင်း၊ သို့သော်အချို့က ဈေးကွက်အခြေအနေကို စောင့်ကြည့်ခြင်းများရှိသေး ကြောင်း ဦးမျိုးမြင့်ကဆိုသည်။ “ပြန်ရောင်းတာတွေတော့ရှိလာတယ်။ ဒါပေမဲ့ ဟိုတစ်ခေါက်တုန်းက ၂၂ သိန်းအထိ ရောက်ခဲ့ဖူးတာရှိတော့ တချို့ကလည်း စောင့်ကြည့်နေတဲ့သဘောမှာရှိတယ်။ အများကြီး ပြန်ရောင်းတာတော့မရှိသေးဘူး” ဟု ရန်ကုန်ရွှေအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောကြားသည်။

၂၀၁၆ ခုနှစ်မှစ၍ ၂၀၂၂ ခုနှစ်အထိ ပြည်တွင်းရွှေဈေးနှုန်း စံချိန်တင်ဈေးနှုန်းများ အကြိမ်ကြိမ်ဖြစ်ပေါ်ခဲ့ကာ နှစ်အလိုက် စံချိန်တင်ဈေးနှုန်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ကျပ် ၉၀၃၅၀၀၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် ကျပ် ၉၅၇၈၀၀၊ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၀ ရက်တွင် ကျပ် ၁၀၄၇၇၀၀၊ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက် တွင် ကျပ် ၁၀၈၈၅၀၀၊ ၂၀၁၉ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ကျပ် ၁၁၄၃၅၀၀၊ ၂၀၁၉ ခုနှစ် ဩဂုတ် ၁၃ ရက်တွင် ကျပ် ၁၂၃၇၀၀၀၊ ၂၀၁၉ စက်တင်ဘာ ၅ ရက်တွင် ကျပ် ၁၃၁၅၀၀၀၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၇ ရက်တွင် ကျပ် ၁၃၃၅၀၀၊ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၆ ရက် တွင် ကျပ် ၁၄၂၀၀၀၀ ဖြစ်သည်။

ရွှေဈေးနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ကျပ် ၈၀၀၀၀၀ တန်း၊ ၂၀၁၇ ခုနှစ်တွင် ကျပ် ၉၀၀၀၀၀ တန်း၊ ၂၀၁၈ ခုနှစ်တွင် ကျပ် ၁၀၀၀၀၀၀ တန်း၊ ၂၀၁၉ ခုနှစ်တွင် ကျပ် ၁၁၀၀၀၀၀ တန်းနှင့် ကျပ် ၁၂၀၀၀၀၀ တန်း ကို ကျော်လွန်လာခဲ့ပြီး ၂၀၁၉ ခုနှစ် စက်တင်ဘာတွင် ကျပ် ၁၃၁၀၀၀၀ ကျော်အထိ မြင့်တက်ခဲ့ခြင်းဖြစ်ကာ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် ကျပ် ၁၄၂၀၀၀၀ အထိ စံချိန်တင်မြင့်တက်ခဲ့သည်။

လအလိုက်ဖြစ်ပေါ်ခဲ့သော အနိမ့်ဆုံးနှင့်အမြင့်ဆုံး ကမ္ဘာ့ရွှေဈေးနှုန်းများမှာ ၂၀၂၀ ပြည့်နှစ် ဧပြီတွင် ၁၅၆၈-၁၇၂၉ ဒေါ်လာ၊ မေတွင် ၁၆၈၃-၁၇၄၈ ဒေါ်လာ၊ ဇွန်တွင် ၁၆၈၀-၁၇၇၉ ဒေါ်လာ၊ ဇူလိုင်တွင် ၁၇၆၉-၁၉၇၅ ဒေါ်လာ၊ ဩဂုတ်တွင် ၁၈၅၉-၂၀၇၅ ဒေါ်လာ၊ စက်တင်ဘာတွင် ၁၈၄၈-၁၉၇၅ ဒေါ်လာ၊ အောက်တိုဘာတွင် ၁၈၅၈- ၁၉၃၃ ဒေါ်လာ၊ နိုဝင်ဘာတွင် ၁၇၆၄- ၁၉၆၆ ဒေါ် လာ၊ ဒီဇင်ဘာတွင် ၁၇၇၆-၁၉၀၆ ဝန်းကျင်ရှိခဲ့ခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/227014

## အိန္ဒိယနိုင်ငံမှာ မြန်မာမတ်ပဲဈေး နှစ်ပတ်ဆက်တိုက်မြင့်တက်လာ

ပြီးခဲ့တဲ့သီတင်းပတ်က အိန္ဒိယမှာမြန်မာမတ်ပဲ FAQ ဟာ ပဲခွဲစက်တွေရဲ ဝယ်လိုအားကြောင့် ၁၀၀ ရူပီးမြင့်ပြီး တစ်ကွမ်တယ် (၁၀၀ ကီလိုဂရမ်)ကို ၆၃၅၀ ရူပီးဖြစ်လာပါတယ်။ မြန်မာမတ်ပဲဟာ အိန္ဒိယဈေးကွက်တွေမှာ နှစ်ပတ်မြောက်အဖြစ် ဆက်တိုက် မြင့်တက်လာတာလည်းဖြစ်ပါတယ်။

ချန်နိုင်းဆိပ်ကမ်းကနေ မတ်ပဲအဝင်ပုံမှန်ရှိနေပြီး ပဲတင်သွင်းခွင့်ကိုလည်း သက်တမ်းတိုးပေးထားတဲ့အပြင် မြန်မာမှာလည်း မတ်ပဲအထွက်ကောင်းမယ်လို့ ခန့်မှန်းချက်တွေရှိနေတဲ့ကြားက မတ်ပဲဈေးက ဆက်တိုက်ကို မြင့်တက်လာတာဖြစ်ပါတယ်။

မွန်ဘိုင်းနည်းတူ ချန်နိုင်းဈေးကွက်မှာလည်း မြန်မာမတ်ပဲ FAQ ရော SO ပါ ၁၅၀-၁၇၅ ရူပီးအထိ ခုန်တက်ပြီး တစ်ကွမ်တယ်ကို ၆၂၅၀ ရူပီးနဲ့ ၆၈၂၅ ရူပီးဈေး ရှိခဲ့ပါတယ်။

မြန်မာဈေးကွက်မှာလည်း မတ်ပဲ FAQ, SO တွေရဲ့ CNF တစ်တန်ဈေးက အမေရိကန်ဒေါ်လာ ၈၀၀ နဲ့ ၈၈၅ ဒေါ်လာတွေကို မြင့်တက်ခဲ့တယ်လို့ သိရပါတယ်။ မတ်ပဲဈေးမြင့်တက်ချိန်မှာ အိန္ဒိယလက်ဝယ်တွေက အဝယ်ပြန်ထိန်းခဲ့တယ်လို့ ဆိုပါတယ်။

အိန္ဒိယတင်ပို့မယ် မတ်ပဲ၊ ပဲစင်းငုံတွေ သင်္ဘောတင်နေတယ်လို့သတင်းရရှိပြီး ရန်ကုန်ကနေ ချန်နိုင်းကို အပတ်စဉ် ပဲသင်္ဘော ထွက်ခွာတာတွေရှိနေတယ်လို့လည်း သိရပါတယ်။

အိန္ဒိယ၊ ဂန်တာဈေးကွက်မှာ မတ်ပဲအသစ်တွေကို တစ်ကွမ်တယ် ၆၇၀၀-၇၀၀၀ ရူပီးနဲ့ အရောင်းအဝယ်တွေဖြစ်ခဲ့ပြီး ဗီဂျေးဝါဒါဈေးကွက်မှာလည်း မတ်ပဲအသစ်ဈေးက ၆၈၅၀-၇၀၅၀ ရူပီးဈေးရှိခဲ့ပါတယ်။

ဈေးကွက်ထဲမှာ ပြောဆိုနေတာတွေအရ မိုးစိုက်မတ်ပဲ အရည်အသွေးပုံမှန်ရှိခဲ့ပြီး အန်ဒရာပရာဒေ့ရှ်ပြည်နယ်၊ ဆောင်းစိုက်မတ်ပဲအထွက်နှုန်းက လျော့နည်းနေတာကြောင့် အိန္ဒိယအနေနဲ့မြန်မာမတ်ပဲ တင်သွင်းမှုအပေါ်မှာ မှီခိုရဦးမယ်လို့ သိရပါတယ်။

**Ref: Commodity News**

**Source: Current Content**

## ထိုင်းကုန်ပစ္စည်းသိုလှောင်ရုံများ မြန်မာပြည်တွင် PWO တည်ဆောက်မည်ဖြစ်ပြီး၊ နိုင်ငံသားကုမ္ပဏီ မဟာရွှေငွေနှင့် PWO တို့အကြား သဘောတူလက်မှတ်ရေးထိုးထား




Photo: The Nation Thailand

ထိုင်းနိုင်ငံရဲ့ အများပြည်သူကုန်ပစ္စည်း သိုလှောင်ရုံအဖွဲ့အစည်းဖြစ်တဲ့ PWO က မြန်မာနိုင်ငံမှာ ကုန်ပစ္စည်းသိုလှောင်ရုံတွေကို တည်ဆောက်သွားမှာဖြစ်ပြီး ကိုဗစ်-၁၉ အကြပ်အတည်းကာလအတွင်း ဆုံးရှုံးမှုတွေကို ကျော်လွှားနိုင်စေဖို့နဲ့ ပို့ကုန်ကဏ္ဍကို လွယ်ကူချောမွေ့စေဖို့ဖြစ်တယ်လို့ ကုမ္ပဏီဘက်ကဆိုပါတယ်။

လုပ်ငန်းဆိုင်ရာ သဘောတူနားလည်မှုစာချွန်လွှာတစ်ခုကို PWO ရဲ့ ညွှန်ကြားရေးမှူး ခရင်ဆက်(ခ) ပရာတီဝီဆွတ်က မြန်မာကုမ္ပဏီ မဟာရွှေငွေနဲ့ ပြီးခဲ့တဲ့သီတင်းပတ်က လက်မှတ်ရေးထိုးခဲ့ပါတယ်။

PWO ကို ၁၉၅၅ ခုနှစ်မှာ စတင်တည်ထောင်ခဲ့ပြီး မြန်မာပြည်မှာ ကုန်လှောင်ရုံတွေ လာရောက်တည်ဆောက်ခြင်းက ထိုင်းနိုင်ငံရဲ့ ပြင်ပမှာ ပထမဦးဆုံး လုပ်ကိုင်ခြင်းလည်း ဖြစ်ပါတယ်။

ပြည်တွင်းမှာတည်ဆောက်မယ့် ကုန်ပစ္စည်းသိုလှောင်ရုံတွေကို ထိုင်းနိုင်ငံမှတင်ပို့သော လူသုံးကုန်တွေကို ဖြန့်ဖြူးပေးဖို့ အပြင် ထိုင်းပို့ကုန်ကဏ္ဍကို မြှင့်တင်ပေးရုံတစ်ခုသာမက ထိုင်းပို့ကုန်လုပ်ငန်းရှင်တွေကိုလည်း ယှဉ်ပြိုင်မှုဈေးကွက်တစ်ခု ပေးစွမ်းဖို့ ဖြစ်တယ်လို့လည်း ညွှန်ကြားရေးမှူး ခရင်ဆက်(ခ) က ပြောပါတယ်။ ဒါ့အပြင် ကုန်ပစ္စည်းသိုလှောင်ရုံတွေက ထိုင်းနိုင်ငံမှ အွန်လိုင်းအရောင်းသမားတွေကို မြန်မာပြည်ဈေးကွက်မှာ ထိုးဖောက်ဝင်ရောက်နိုင်ဖို့ ကူညီသွားမယ်လို့လည်း သူကဖြည့်စွက် ပြောဆိုပါတယ်။

PWO အနေနဲ့ မြန်မာနိုင်ငံအပြင် အခြားတိုင်းပြည်တွေမှာလည်း ကုန်ပစ္စည်းသိုလှောင်ရုံများ တည်ဆောက်ဖို့ရှိနေပြီး လက်ရှိမှာ တရုတ်၊ အိန္ဒိယနဲ့ အရှေ့အာရှအလယ်ပိုင်းနိုင်ငံတွေနဲ့လည်း ဆွေးနွေးညှိနှိုင်းမှုတွေ လုပ်ဆောင်လျက်ရှိပါတယ်။ PWO က တည်ဆောက်သွားမယ့် ကုန်လှောင်ရုံတွေကြောင့် ကုန်ပစ္စည်းပို့ဆောင်မှုတွေ အချိန်မီရောက်ရှိစေမှာဖြစ်ပြီး ထိုင်းပို့ကုန်လုပ်ငန်းရှင်တွေအနေနဲ့ အခြားတိုင်းပြည်တွေထက် ကျော်လွန်ကာ ယှဉ်ပြိုင်နိုင်စေမယ်လို့ ခရင်ဆက်(ခ)က ရှင်းပြပါတယ်။ ၎င်းအပြင် အခြားတိုင်းပြည်တွေရှိ ထောက်ပံ့ပို့ဆောင်ရေး ချိတ်ဆက်မှုများနဲ့ ကုန်ပစ္စည်းသိုလှောင်ရုံတွေက PWO ကို ဆုံးရှုံးခြင်းများမှ ကျော်လွှားဖို့ ကူညီပေးလိမ့်မယ်လို့လည်း သူကဖြည့်စွက်ပြောဆိုပါတယ်။

PWO က ပြည်တွင်းမှာ ကုန်လှောင်ရုံတွေ တည်ဆောက်ခြင်းအပြင် မြန်မာနိုင်ငံက ပဲပုတ်တိုးမြှင့်စိုက်ပျိုးဖို့ လက်တွဲလုပ်ဆောင်ရန် စီစဉ်ထားတယ်လို့သိရပါတယ်။ ထိုင်းနိုင်ငံအနေနဲ့ ပဲပုတ်တန်ချိန် (၂) သန်းကျော်ကို တင်သွင်းဖို့လိုအပ်ချက်ရှိနေပြီး တိရစ္ဆာန်အစာအတွက်လည်း ပဲပုတ်တန်ချိန် (၂) သန်း လိုအပ်နေပါတယ်။ အခြားစီးပွားရေးအစီအစဉ် တစ်ရပ်အဖြစ် PWO က အအေးခန်းသိုလှောင်ရုံတစ်ခုကို ဘန်ကောက်မြို့ရှိ ခရိုင်တစ်ခုဖြစ်တဲ့ Rat Burana မှာ တည်ဆောက် သွားမှာဖြစ်ပါတယ်။

အအေးခန်းသိုလှောင်ရုံတွေ တည်ဆောက်ဖို့ လိုင်စင်ရတာနဲ့တပြိုင်နက် တန်ချိန် ၅၀၀၀၀ ပမာဏဝင်ဆံ့တဲ့ သိုလှောင်ရုံတွေကို တည်ဆောက်မှာဖြစ်ကာ ၎င်းစီမံကိန်းက PWO ကို အကျိုးအမြတ်ရရှိစေဖို့ ကူညီမည်ဖြစ်ပြီး အခြားစီမံကိန်း ရင်းနှီးမြှုပ်နှံမှုများအတွက် ဝင်ငွေရှာဖွေနိုင်မယ်လို့ ညွှန်ကြားရေးမှူး ခရင်ဆက်(ခ) ပရာတီဝီဆွတ်က ပြောကြားခဲ့ပါတယ်။

Source: BETV  Business

## တောင်ကိုရီးယားနိုင်ငံသည် ၎င်း၏မျှော်မှန်းချက်ဖြစ်သော CPTPP အဖွဲ့ဝင်ဖြစ်မှုအတွက် နယူးဇီလန်နိုင်ငံ၏ ထောက်ခံပံ့ပိုးကူညီမှုကို လိုလားတောင်းဆိုမှုအခြေအနေ




**Photo Courtesy: Ministry of Trade, Industry & Energy of Korea**

တောင်ကိုရီးယားနိုင်ငံသည် အာရှ-ပစိဖိတ်ဒေသ၏ ကြီးမားရှုလွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်ကြီးတစ်ခုဖြစ်သည့် Comprehensive and Progressive Agreement for Trans-Pacific Partnership (CPTPP) တွင် အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်နိုင်ရေးအတွက် သမ္မတမွန်ဂျေအင်း၏ သမ္မတသက်တမ်းမကုန်မီ တရားဝင်လျှောက်လွှာပေးပို့နိုင်ရေး ကြိုးပမ်းလျက်ရှိရာ CPTPP အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သည့် နယူးဇီလန်နိုင်ငံ၏ ထောက်ခံပံ့ပိုးကူညီမှုကိုရရှိရေးအတွက် မကြာမီပြုလုပ်သွားမည့် တောင်ကိုရီးယား-နယူးဇီလန်ဝန်ကြီးအဆင့် Teleconferencing ညီလာခံတွင် နယူးဇီလန်နိုင်ငံ၊ ကုန်သွယ်မှုနှင့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဖြစ်သူ Damien O'Connor သို့ ဆွေးနွေးပြောကြားတောင်းဆိုသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာန၏ ကုန်သွယ်ရေးဝန်ကြီးဖြစ်သူ Mr. Yeo Han-Koo က ထုတ်ဖော်ပြောကြားခဲ့ပါသည်။

CPTPP တွင် နယူးဇီလန်နိုင်ငံ အပါအဝင် အဖွဲ့ဝင်နိုင်ငံပေါင်း (၁၁) နိုင်ငံပါဝင်ပြီး၊ ၂၀၁၉ ခုနှစ် စာရင်းများအရ CPTPP အဖွဲ့ဝင်နိုင်ငံများ၏ကုန်သွယ်မှုသည် ကမ္ဘာ့ကုန်သွယ်မှု၏ (၁၅) ရာခိုင်နှုန်းခန့်ရှိပါသည်။ နယူးဇီလန်သည် CPTPP သဘောတူညီချက်အရ သတ်မှတ်ထားသော အသိပေးချက်များနှင့် တောင်းဆိုချက်များကို လက်ခံခြင်းနှင့်ဖြန့်ဝေခြင်းကဲ့သို့သော လုပ်ငန်းအမျိုးမျိုးတို့အတွက် တာဝန်ရှိသောနိုင်ငံတစ်ခုလည်းဖြစ်ပါသည်။

အဆိုပါ တောင်ကိုရီးယား-နယူးဇီလန် ဝန်ကြီးအဆင့်ဆွေးနွေးပွဲတွင် နှစ်နိုင်ငံလုံးသည် တရုတ်-အမေရိကန်ပြိုင်ဆိုင်မှုများပြင်းထန်လာနေသည့်ကြားတွင် အမေရိကန်နှင့်ကုန်သွယ်မှုတွင် အာရှနှင့်ပိုမိုကောင်းမွန်စွာ ထိတွေ့ဆက်ဆံနိုင်စေရန် ကြိုးပမ်းသည့် "အင်ဒို-ပစိဖိတ် စီးပွားရေးမူဘောင် (Indo-Pacific Economic Framework - IPEF) ကို ဆွေးနွေးရန်လည်းစီစဉ်ထားကြောင်း၊ တောင်ကိုရီးယားနိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့၏ မျှော်မှန်းထားသောမူဘောင်သည် ပွင့်လင်းမြင်သာမှုရှိပြီး အားလုံးပါဝင်နိုင်စေရန်နှင့် ဒေသတွင်း နိုင်ငံအများအပြားက လက်ခံနိုင်သောစံနှုန်းများဖြင့် ပူးပေါင်းဆောင်ရွက်မှုများကိုတင်ပြရန်သည်အရေးကြီးသည်ဟု ၎င်းတို့၏ အယူအဆကိုမျှဝေထားကြောင်း၊ ဒစ်ဂျစ်တယ်စီးပွားရေးမိတ်ဖက်ဆက်ဆံမှုသဘောတူညီချက် (Digital Economy Partnership

Agreement – DEPA) ကိုလည်း ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန၏ထုတ်ပြန်ချက်အရ သိရှိရပါသည်။

DEPA သည် ကမ္ဘာ့ပထမဆုံး ဒစ်ဂျစ်တယ်သဘောတူစာချုပ်အဖြစ် နယူးဇီလန်နိုင်ငံ၊ စင်ကာပူ နိုင်ငံနှင့် ချီလီနိုင်ငံတို့အကြား ၂၀၂၀ ပြည့်နှစ်၊ ဇွန်လတွင် လက်မှတ်ရေးထိုးခဲ့ကြသော သဘောတူညီချက်တစ်ခုဖြစ်ပြီး ဒစ်ဂျစ်တယ်အထောက်အထားများ၊ နယ်စပ်ဖြတ်ကျော်ဒေတာစီးဆင်းမှုနှင့် ဉာဏ်ရည်တုကဲ့သို့သော ဒစ်ဂျစ်တယ်ကုန်သွယ်မှုဆိုင်ရာ အဓိကစည်းမျဉ်းများချမှတ်ရန်ဖြစ်ပြီး၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်အသက်ဝင်ခဲ့ပါသည်။ DEPA တွင်ပါဝင်ရန် လျှောက်လွှာကို ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင် တောင်ကိုရီးယားနိုင်ငံက တရားဝင်လျှောက်လွှာပေးပို့ခဲ့ပြီး၊ ပထမအကြိမ်ဆွေးနွေးခြင်းကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလအတွင်းတွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

**Source: Yonhap News Agency**

**ဝင်းပပသူ (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့)**

## အပြုသဘောဆောင်သောအချက်များက ထိုင်းနိုင်ငံ ပို့ကုန်တိုးတက်မှုအတွက် တွန်းအားဖြစ်စေခြင်း

ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာမှု၊ ကွန်တိန်နာမလုံလောက်မှု နှင့်ကုန်သွယ်မှု မြှင့်တင်ရေးတို့အတွက် သက်ဆိုင်ရာများ၏ဆောင်ရွက်ချက်များကြောင့် ထိုင်းပို့ကုန်များအနေဖြင့် ၎င်းတို့၏တိုးတက်မှုအရှိန်အဟုန်ကို ထိန်းသိမ်းထားလျှက်ရှိကြောင်းနှင့် ယခုနှစ်ဇန်နဝါရီလတွင် နှစ်အလိုက်၌ပို့ကုန်တိုးတက်မှု(၈%)ရရှိခဲ့ကြောင်းသိရှိရပါသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ (၂.၃.၂၀၂၂)ရက်နေ့ ထုတ်ပြန်ချက်အရ အကောက်ခွန် ရှင်းလင်း ပြီး ပို့ကုန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ(၂၀.၃)ဘီလီယံရရှိခဲ့ကြောင်း၊ သွင်းကုန်တင်သွင်းမှုမှာလည်း (၂၀.၅%)တိုးတက်ခဲ့ပြီး အမေရိကန်ဒေါ်လာ(၂၃.၇)ဘီလီယံရရှိခဲ့ကြောင်း၊ ရလဒ်အနေဖြင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ (၂.၅၂) ဘီလီယံရရှိခဲ့ကြောင်းသိရှိရပါသည်။

ကွန်တိန်နာမလုံလောက်မှုသည် အထူးသဖြင့် လန်ချာဘန်ဆိပ်ကမ်း၊ ဗန်ကောက်ဆိပ်ကမ်းနှင့်အမေရိကန်ဆိပ်ကမ်းများတွင်လျော့ပါးသွားခဲ့ကြောင်း၊ ပုဂ္ဂလိကကဏ္ဍအနေဖြင့် အားလပ်ရက်များတွင် အလုပ်ချိန်တိုးမြှင့်ရန်နှင့် ညပိုင်းအလုပ်ချိန် တိုးမြှင့်ဆောင်ရွက်သွားရန်သဘောတူခဲ့ကြကြောင်းသိရှိရပါသည်။

ရုရှားနှင့်ယူကရိန်းတို့အကြား ပြင်းထန်သောပဋိပက္ခများကြောင့် ရေနံစျေးနှုန်းများ မြင့်တက်လာခြင်းကဲ့သို့သော အန္တရာယ်ရှိသည့်အချက်များရှိနေသော်လည်း ဝန်ကြီးဌာနအနေဖြင့် ၎င်း၏ပို့ကုန်တိုးတက်မှုရည်မှန်းချက်ကို ယခုနှစ်အတွက် (၃-၄%)တွင် ဆက်လက်ထိန်းသိမ်းထားလျှက်ရှိနေကြောင်းသိရှိရပါသည်။

ဝန်ကြီးမစ္စတာဂျူရင်ကဝန်ကြီးဌာန၏ အကြီးတန်းအရာရှိများနှင့် ပုဂ္ဂလိကများအကြား ပူးတွဲတွေ့ဆုံမှုအပြီးတွင် ယူကရိန်းပဋိပက္ခမှာထိုင်းကုန်သွယ်မှုအပေါ်များစွာသက်ရောက်မှုမရှိသေးကြောင်း ပြောကြားခဲ့ပါသည်။ အဆိုပါ အစည်းအဝေးသို့ ထိုင်းကုန်သည်ကြီးများအသင်းနှင့် ထိုင်းအမျိုးသားကုန်စည်ပို့ဆောင်ရေးကောင်စီတို့ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

ယူကရိန်းနှင့်ရုရှားသို့ထိုင်းပို့ကုန်များတင်ပို့မှုမှာ သိပ်အရေးမပါလှဟုယူဆရကြောင်း၊ ယမန်နှစ်က ရုရှားသို့တင်ပို့မှုမှာ စုစုပေါင်းပို့ကုန်တင်ပို့မှု၏ (၀.၃၈%) (သို့မဟုတ်) အမေရိကန်ဒေါ်လာ(၁.၀၂)ဘီလီယံခန့်သာရှိကြောင်း၊ ယူကရိန်းသို့ ပို့ကုန်တင်ပို့မှုမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ(၁၃၅)သန်း(သို့မဟုတ်) ထိုင်းနိုင်ငံ၏ ပြည်ပတင်ပို့မှုစုစုပေါင်း၏ (၀.၀၅%)သာရှိကြောင်း သိရှိရပါသည်။ ရုရှားနှင့်ယူကရိန်းနိုင်ငံများသို့တင်ပို့မှုများအနက် တာယာများ၊ ပြုပြင်ထားသောအစားအစာများ၊ ကျောက်မျက်နှင့် အလှကုန်များတင်ပို့မှုတွင်သက်ရောက်မှုအနည်းငယ်ရှိနိုင်ကြောင်းသိရှိရပါသည်။

ရေရှည်တွင်ရုရှားနှင့်ယူကရိန်းပဋိပက္ခကြောင့် ရေနံစျေးကြီးမြင့်ခြင်း၊ ငွေကြေးလွဲပြောင်းမှုနှင့် ကုန်စည်ပို့ ဆောင်မှုကုန်ကျစရိတ်များကို ထိခိုက်နိုင်ကြောင်း သိရှိရပါသည်။ အဆိုပါပဋိပက္ခ၏ သွယ်ဝိုက်သက်ရောက်မှုကြောင့် ထိုင်းနိုင်ငံအနေဖြင့် စွမ်းအင်စျေးနှုန်းမြင့်မားမှု(သို့မဟုတ်)သံဖူးများနှင့် ဆောက်လုပ်ရေးပစ္စည်းများအတွက် တင်သွင်းလာသော သံမဏိစျေးနှုန်းများ မြင့်မားလာနိုင်ကြောင်း မစ္စတာဂျူရင်၏အဆိုအရသိရှိရပါသည်။

တိရစ္ဆာန်အစာအတွက် တင်သွင်းသောဂျုံနှင့်ပြောင်းတင်သွင်းမှု စျေးနှုန်းများမြင့်တက်လာနိုင်ကြောင်း၊ ရုရှားနှင့် ယူကရိန်းမှာ ကမ္ဘာ့အကြီးဆုံးဂျုံထုတ်လုပ်သူနှင့် ပြည်ပတင်ပို့သူများဖြစ်ကြကြောင်း ပြောကြားခဲ့ပါသည်။ ဝန်ကြီးဌာနအနေဖြင့်

အရှေ့အလယ်ပိုင်း၊ အာဖရိကနှင့်လက်တင်အမေရိကကဲ့သို့သော အစားထိုးဈေးကွက်သစ်များရှာဖွေခြင်းဖြင့် အဆိုပါ သက်ရောက်မှုများကို ထေမိစေရန် စီမံချက်များကို ပြင်ဆင်ထားပြီးဖြစ်ကြောင်း ဝန်ကြီးမစ္စတာဂျူရင်က ပြောကြားခဲ့ပါသည်။

**Source: Bangkok Post**

**လွင်မျိုးဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘန်ကောက်)**

## စားသုံးဆီတင်သွင်းနိုင်မည့် အရင်းအမြစ်များ အိန္ဒိယနိုင်ငံအစိုးရက လေ့လာလျက်ရှိ

ပြည်တွင်းသို့ နေကြာဆီများ အဓိကဝယ်ယူတင်သွင်းသည့် ကုန်သွယ်ဘက်နိုင်ငံဖြစ်သော ယူကရိန်းနိုင်ငံထံမှ သွင်းအားစု ပြတ်လပ်မှုနှင့် ကြုံတွေ့နေရချိန်၌ စားသုံးဆီဖူလုံမှုရှိစေရေးအတွက် အိန္ဒိယအစိုးရသည် တောင်အမေရိကဒေသနှင့်အရှေ့တောင်အာရှဒေသရှိနိုင်ငံများနှင့် ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရှိရပါသည်။

ပြည်တွင်း၌ အရန်စားသုံးဆီများ စုဆောင်းထားရှိသော်လည်း အစိုးရအနေဖြင့် စားသုံးဆီတင်သွင်းရန်အတွက် အခြားသောအရင်းအမြစ်များကို လေ့လာရှာဖွေလျက်ရှိသည်ဟု အိန္ဒိယစားသုံးသူရေးရာဝန်ကြီးဌာနမှ အမည်မဖော်လိုသူ အရာရှိတစ်ဦးကပြောကြားကြောင်း အိန္ဒိယ Economic Times သတင်းဌာနက ဖော်ပြပါသည်။

နိုင်ငံတကာနေကြာဆီအသင်းမှ ဥက္ကဋ္ဌဖြစ်သူ Mr. Sandeep Bajoria က အိန္ဒိယနိုင်ငံ၏ လစဉ်နေကြာဆီစားသုံးမှုမှာ တန်ချိန် ၂ သိန်းခန့်ရှိကြောင်း၊ ဖေဖော်ဝါရီလအတွင်း အိန္ဒိယသို့တင်ပို့သည့် နေကြာဆီပမာဏမှာတန်ချိန် ၁.၅ သိန်းခန့်ရှိသော်လည်း မတ်လအတွက်မူ မှန်းဆရန်ခက်ခဲကြောင်း၊ အိန္ဒိယနိုင်ငံအတွက် နေကြာဆီပိုမိုဝယ်ယူတင်သွင်းရန် ရွေးချယ်နိုင်သည့် အခြားသောဈေးကွက်မှာ အာဂျင်တီးနားနိုင်ငံဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် အာဂျင်တီးနားမှ နေကြာဆီတင်သွင်းရန် စာချုပ်များချုပ်ဆိုမှုကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း၊ အကယ်၍ အိန္ဒိယနိုင်ငံနှင့်ရုရှားနိုင်ငံတို့အကြား ရူပီး-ရူဘယ်ငွေကြေး စနစ်ဖြင့် ကုန်သွယ်နိုင်ပါက ရုရှားထံမှ နေကြာဆီတင်သွင်းရယူနိုင်ချေရှိကြောင်း၊ ရုရှား-ယူကရိန်း နှစ်နိုင်ငံအပစ်အခတ်ရပ်စဲခဲ့ပါက ယူကရိန်းနိုင်ငံထံမှ နေကြာဆီများ သင်္ဘောတင်ပို့မှုကို ပြန်လည်စတင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောဆိုပါသည်။

ရုရှား-ယူကရိန်း စစ်ပွဲဖြစ်ပေါ်မှုကြောင့် နေကြာဆီသွင်းအားစုအပိုင်း ပုံပျက်ယွင်းမှုနှင့်အတူ အိန္ဒိယပြည်တွင်း၌ နေကြာဆီဈေးနှုန်းများ မြင့်တက်လျက်ရှိပြီး စားအုန်းဆီနှင့် ပဲပုတ်ဆီတို့၏ ဈေးနှုန်းများသည်လည်း လွန်ခဲ့သော ရက်သတ္တပတ်အနည်းငယ်ကစတင်၍ မြင့်တက်လာခဲ့သည်။ သို့ရာတွင် ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်မှုရှိသော မုံညင်းဆီနှင့်မြေပဲဆီ၏ ဈေးနှုန်းများမှာ အထိုက်အလျောက်တည်ငြိမ်လျက်ရှိသည်။

အိန္ဒိယ ဆီကြိတ်ခွဲထုတ်လုပ်ရေးလုပ်ငန်းရှင်များအသင်းမှ အမှုဆောင်ဒါရိုက်တာ Mr. B V Mehta က ပြည်တွင်းဈေးကွက်၌ ဆီမုံညင်းတန်ချိန် သိန်း ၁၁၀ ခန့် ထွက်ရှိနိုင်ဖွယ်ရှိကြောင်း၊ ထို့အပြင် ဆီကြိတ်ပဲပုတ်သည်လည်း တန်ချိန်သိန်း ၇၀ မှ သိန်း ၈၀ အထိရရှိနိုင်ကြောင်း၊ ရုရှား-ယူကရိန်း ပဋိပက္ခဖြစ်ပေါ်မှုက ပြည်တွင်းဈေးကွက်၌ စားသုံးဆီများဈေးနှုန်း မြင့်တက်မှုကို ဖြစ်ပေါ်စေသော်လည်း ကုန်စည်ပြတ်လပ်မှု ဖြစ်ပေါ်နိုင်မည်မဟုတ်ကြောင်း၊ နေကြာဆီအား အစားထိုးသုံးစွဲနိုင်မည့် စားအုန်းဆီများမှာမူ အင်ဒိုနီးရှားနိုင်ငံ၏ ကုန်သွယ်ရေးမူဝါဒပြောင်းလဲမှုကြောင့် ဈေးနှုန်းများမြင့်တက်လာခဲ့ကြောင်းဖြင့် ပြောဆိုပါသည်။

Source: Government mulls edible oil import options, 8-3-2022, Economic Times

**နေအေးလွင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့)**

# STOCK EXCHANGE (8.3.2022)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 8th Mar. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 0 | 0 | 33,109,694 | 271,499 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,850 | 2,900 | 2,850 | 3,506 | 10,027,200 | 38,929,150 | 110,948 |
| MCB | 00003 | 7,900 | +100 | +1.28% | 7,900 | 7,900 | 7,900 | 10 | 79,000 | 10,400,986 | 82,168 |
| FPB | 00004 | 19,000 | +0 | +0.00% | 19,000 | 19,000 | 19,000 | 0 | 0 | 2,472,053 | 46,969 |
| TMH | 00005 | 2,600 | -50 | -1.89% | 2,600 | 2,600 | 2,600 | 2 | 5,200 | 12,823,224 | 33,340 |
| EFR | 00006 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 0 | 0 | 19,977,223 | 55,936 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |


## Market summary

As of 8th Mar. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 375.57 | +0.23 | +0.06% | 375.57 | 376.69 | 375.57 | 3,518 | 10,111,400 | 7 | 653,348 |

### Index chart




## Market Overview

### Main Board

As of 1:00 pm, 8th Mar. 2022

| MYANPIX | 375.57 ▲ 0.23 |
|---|---|
| Total Volume (shares) | 3,518 |
| Total Value (MMK) | 10 mil |
| Listed Company | 7 |
| Market Cap. (MMK) | 653,348 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▲ 0 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 100 |
| FPB | 00004 | 19,000 | ▲ 0 |
| TMH | 00005 | 2,600 | ▼ 50 |
| EFR | 00006 | 2,800 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |